ကာကွယ်ဆေး အချက်အလက် ဖော်ပြချက်

# HPV (ရေယုန်ဗိုင်းရပ်စ်ပိုးတစ်မျိုး) ကာကွယ်ဆေး - *သင် ဘာကို သိထားသင့်ပါသလဲ*

Many Vaccine Information Statements are available in Burmese and other languages. See www.immunize.org/vis

ကာကွယ်ဆေး အချက်အလက် ကြေငြာချက်များကို မြန်မာဘာသာနှင့် အခြားသော ဘာသာစကားများတို့ဖြင့် ရရှိနိုင်ပါသည်။ ကြည့်ရှုရန် www.immunize.org/vis

## 1 | အဘယ်ကြောင့် ကာကွယ်ဆေးထိုးရသနည်း။

HPV ကာကွယ်ဆေးသည် အောက်တွင်ဖော်ပြထားသည့် ရောဂါများအပါအဝင် ကင်ဆာရောဂါဖြစ်ပွားမှုများနှင့် စပ်ဆက်နေသည့် ရေယုန်ဗိုင်းရပ်စ်ပိုး (human papillomavirus, HPV) အမျိုးအစား ကူးစက်မှုများကို ကာကွယ်ပေးသည်။

- အမျိုးသမီးများတွင် ဖြစ်သော **သားအိမ်ခေါင်းကင်ဆာ၊**
- အမျိုးသမီးများတွင် ဖြစ်သော **မွေးလမ်းကြောင်းနှင့် မိန်းမအင်္ဂါ ကင်ဆာရောဂါများ၊**
- အမျိုးသမီးများနှင့် အမျိုးသားများတွင် ဖြစ်သော **စအိုကင်ဆာရောဂါ၊**
- အမျိုးသမီးများနှင့် အမျိုးသားများတွင် ဖြစ်သော **လည်ချောင်း ကင်ဆာရောဂါ**နှင့်
- အမျိုးသားများတွင် ဖြစ်သော ဖြစ်သော **လိင်တံကင်ဆာရောဂါ။**

ထို့ပြင် HPV ကာကွယ်ဆေးသည် အမျိုးသမီးများနှင့် အမျိုးသားများတွင် HPV ရောဂါအမျိုးအစားများကြောင့် ဖြစ်သော **လိင်အင်္ဂါကြွက်နို့များ** ကိုလည်း တားဆီးပေးနိုင်ပါသည်။

အမေရိကန်နိုင်ငံတွင် အမျိုးသမီး 12,000 ခန့်သည် နှစ်စဉ် သားအိမ်ခေါင်းကင်ဆာ ရောဂါ ဖြစ်ပွားကြပြီး အမျိုးသမီး 4,000 ခန့်သည် ထိုရောဂါကြောင့် သေဆုံးကြရပါသည်။ HPV ကာကွယ်ဆေးသည် ဤသားအိမ်ခေါင်းကင်ဆာ ရောဂါ အများစုကို ကာကွယ်နိုင်ပါသည်။

*ကာကွယ်ဆေးထိုးခြင်းသည် သားအိမ်ခေါင်းကင်ဆာရောဂါ ရှာဖွေစစ်ဆေးမှုအတွက် အစားထိုးခြင်း မဟုတ်ပါ။ ဤကာကွယ်ဆေးသည် HPV ရောဂါအမျိုးအစားတို့ကြောင့် ဖြစ်ပေါ်သည့် သားအိမ်ခေါင်းကင်ဆာ ရောဂါအားလုံးကို တားဆီးကာကွယ်မည် မဟုတ်ပါ။ အမျိုးသမီးများသည် Pap စမ်းသပ်စစ်ဆေးမှုများကို ဆက်လက်ပြီး ပုံမှန်ခံယူ သင့်ပါသည်။*

HPV ရောဂါပိုး ကူးစက်မှုသည် လိင်ဆက်ဆံခြင်းမှ ဖြစ်လေ့ရှိပြီး လူအများစုမှာ မိမိတို့၏ဘဝ တစ်လျှောက် တစ်ချိန်ချိန်တွင် ကူးစက်ခံကြရသည်။ ဆယ်ကျော်သက်များ အပါအဝင် အမေရိကန်လူမျိုး 14 သန်းခန့်သည် နှစ်စဉ် ကူးစက်မှု ခံကြရပါသည်။ ကူးစက်မှုအများစုမှာ သူ့ဘာသာ ပျောက်ကင်းနိုင်ပြီး စိုးရိမ်ရသည့် ပြဿနာများ မဖြစ်ပေါ်စေပါ။ သို့သော်လည်း ထောင်ပေါင်းများစွာသော အမျိုးသားနှင့်အမျိုးသမီးများသည် HPV ကြောင့်ဖြစ်သော ကင်ဆာနှင့် အနာရောဂါများ ရရှိကြပါသည်။

## 2 | HPV ကာကွယ်ဆေး

HPV ကာကွယ်ဆေးအား FDA (Food and Drug Administration) မှ ထောက်ခံခွင့်ပြုထားပြီး အမျိုးသားများ နှင့် အမျိုးသမီးများ နှစ်ဦးစလုံးအတွက် CDC မှ ထောက်ခံချက်ပေးထားပါသည်။ ၎င်းကို ထုံးစံအားဖြင့် အသက် 11 နှစ် သို့မဟုတ် 12 နှစ် တွင် ထိုးပေးလေ့ရှိသော်လည်း အသက် 9 နှစ်မှစပြီး အသက် 26 နှစ်အထိ ထိုးပေးနိုင်ပါသည်။

အသက် 9 နှစ်မှ 14 နှစ်ကြားရှိ မြူးကောင်ပေါက်အရွယ် အများစုသည်လည်း HPV ကာကွယ်ဆေးအား အကြိမ် နှစ်ကြိမ် ခွဲပြီး၊ တစ်ကြိမ်စီအကြားတွင် 6-12 လ ခြား၍ ရယူသင့်ပေသည်။ 15 နှစ်နှင့်အထက် အသက်အရွယ်တွင် HPV ကာကွယ်ဆေးအား စတင်ရယူသည့် လူများအနေနှင့်မူ ကာကွယ်ဆေးအား အကြိမ် သုံးကြိမ်ခွဲ၍ ရယူသင့်ပြီး၊ ဒုတိယအကြိမ်အား ပထမအကြိမ်အပြီး 1-2 လအကြာတွင်ရယူပြီး၊ တတိယအကြိမ်ကိုမူ ပထမအကြိမ် အပြီး 6 လ အကြာတွင် ရယူသင့်ပေသည်။ ဤကဲ့သို့ အသက်အရွယ်အလိုက် ထောက်ခံချက်များနှင့် ပတ်သက်ပြီး ခြွင်းချက်ထား သတ်မှတ်ချက်များ အများအပြား ရှိပေသည်။ သင့်ကျန်းမာရေး စောင့်ရှောက်သူက နောက်ထပ်အချက်အလက်များ သင့်အား ပေးအပ်နိုင်ပါသည်။

## 3 | အချို့သောသူများသည် ဤကာကွယ်ဆေးကို မထိုးသင့်ပါ

- HPV ကာကွယ်ဆေးကြောင့် ဆေးတုံ့ပြန်မှုတွင် (အသက်အန္တရာယ်) ဖြစ်နိုင်သည်အထိ ပြင်းထန်သော ဆေးမတည့်မှု ဖြစ်လာသူသည် ဆေးနောက်တစ်လုံး မထိုးသင့်တော့ပါ။
- HPV ကာကွယ်ဆေးအတွင်း ပါဝင်သည့် ဓာတ်တစ်မျိုးမျိုးသို့ (အသက်အန္တရာယ်) ဖြစ်နိုင်သည်အထိ ပြင်းထန်သော ဆေးမတည့်မှု ဖြစ်ပေါ်လာသူသည် ဆေးနောက်တစ်လုံးအား ထပ်မထိုးသင့်တော့ပေ။

  *ရာဘာအစေးနှင့် ပြင်းပြင်းထန်ထန် ဓာတ်မတည့်မှု အပါအဝင် သင်သိထားသော ပြင်းထန်သည့် ဓာတ်မတည့်မှုများ ရှိလျှင် သင့်ကျန်းမာရေး စောင့်ရှောက်သူအား ပြောပြပါ။*

- ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် HPV ကာကွယ်ဆေးထိုးရန် အကြံပြု ထောက်ခံထားခြင်း မရှိပါ။ ကာကွယ်ဆေးထိုးပြီးသောအခါမှ သင် ကိုယ်ဝန်ရှိကြောင်း သိရပါက သင် သို့မဟုတ် သင့်ကလေး အတွက် ပြဿနာများ ဖြစ်ပေါ်နိုင်စရာအကြောင်း မရှိပါ။ HPV ကာကွယ်ဆေးထိုးသည့်အခါတွင် ကိုယ်ဝန်ရှိကြောင်းသိရှိသည့် မည်သည့် အမျိုးသမီးများမဆို ကိုယ်ဝန်ရှိစဉ်အတွင်း HPV ကာကွယ်ဆေး ထိုးခြင်းအတွက် မှတ်ပုံတင်ထားသော ကုန်ပစ္စည်းထုတ်လုပ်သူထံသို့ 1-800-986-8999 ဖြင့် ဆက်သွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ကလေးနို့တိုက်သည့် အမျိုးသမီးများသည် ကာကွယ်ဆေးထိုးခြင်းကို ခံယူနိုင်ပါသည်။
- အအေးမိခြင်းကဲ့သို့သော အနည်းငယ် ဖျားနာမှုရှိပါက သင်ယနေ့ပင် ကာကွယ်ဆေးထိုးနိုင်ပါသည်။ သင်သည် အသင့်အတင့် သို့မဟုတ် ပြင်းထန်စွာ ဖျားနာနေပါက သင်ပြန်လည်ကျန်းမာလာသည်အထိ စောင့်ဆိုင်းသင့်ပါသည်။ သင့်ဆရာဝန်မှ သင့်အား အကြံဉာဏ် ပေးနိုင်ပါသည်။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

## 4 ကာကွယ်ဆေး တုံ့ပြန်မှု အန္တရာယ်များ

ကာကွယ်ဆေးများအပါအဝင် မည်သည့်ဆေးဝါးမဆို ဘေးထွက်ဆိုးကျိုးများ ရှိနိုင်ပါသည်။ ၎င်းတို့သည် များသောအားဖြင့် အနည်းငယ်သာဖြစ်တတ်ပြီး သူ့အလိုလို ပျောက်ကင်း သွားသော်လည်း ပြင်းထန်သော တုံ့ပြန်မှုများလည်း ဖြစ်နိုင်ခြေ ရှိပါသည်။

HPV ကာကွယ်ဆေးထိုးခြင်းကို ခံယူသူ အများစုတွင် ၎င်းဆေးကြောင့် ပြင်းထန်သော မည်သည့် ပြဿနာမျှ မဖြစ်ပေါ်ပါ။

**HPV ကာကွယ်ဆေးကြောင့် အနည်းငယ် သို့မဟုတ် အသင့်အတင့် ဖြစ်လာနိုင်သည့် ပြဿနာများမှာ-**

- ဆေးထိုးထားသည့် လက်မောင်းနေရာတွင် တုံ့ပြန်မှုဖြစ်ခြင်း -
  - နာကျင်ခြင်း (10 ယောက်တွင် 9 ယောက်ခန့်)
  - နီမြန်းခြင်း သို့မဟုတ် ရောင်ခြင်း (3 ယောက်တွင် 1 ယောက်ခန့်)
- ကိုယ်ပူခြင်း-
  - အနည်းငယ် (37.8°C/100 °F) (10 ယောက်တွင် 1 ယောက်ခန့်)
  - အသင့်အတင့် (38.9°C/102 °F) (65 ယောက်တွင် 1 ယောက်ခန့်)
- အခြားပြဿနာများ-
  - ခေါင်းကိုက်ခြင်း (3 ယောက်တွင် 1 ယောက်ခန့်)

**မည်သည့် ကာကွယ်ဆေးမဆို ထိုးပြီးသည့်နောက် ဖြစ်ပေါ်နိုင်သည့် ပြဿနာများမှာ-**

- ကာကွယ်ဆေးထိုးခြင်း အပါအဝင် ဆေးဝါးကုသမှုများအပြီးတွင် လူတို့သည် တစ်ခါတစ်ရံတွင် မူးဝေတတ်ပါသည်။ မူးဝေခြင်းနှင့် လဲကျခြင်းကြောင့် ဒဏ်ရာရရှိခြင်းတို့ မဖြစ်အောင် 15 မိနစ်ခန့် ထိုင်နေခြင်း သို့မဟုတ် လဲလျောင်းနေခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ သင် မူးဝေနေပါက သို့မဟုတ် အမြင်အာရုံ ပြောင်းလဲပါက သို့မဟုတ် နားအူနေပါက သင့်ဆရာဝန်အား ပြောပြပါ။
- အချို့သောသူတို့သည် ဆေးထိုးပြီးနောက် လက်မောင်းတွင်နာကျင်ပြီး လက်ကို လှုပ်ရှားရန် ခက်ခဲတတ်ပါသည်။ ဤသည်မှာ အလွန်ရှားပါသည်။
- မည်သည့်ဆေးဝါးမဆို ပြင်းထန်သော ဓာတ်မတည့်သည့် တုံ့ပြန်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ကာကွယ်ဆေးကြောင့် တုံ့ပြန်မှုများသည် အလွန်ရှားပါးပြီး၊ ဆေးထိုးသည့် ပမာဏ အကြိမ်ရေ တစ်သန်းတွင် 1 ကြိမ်ခန့်သာ ရှိသည်ဟု ခန့်မှန်းရပြီး၊ ကာကွယ်ဆေး ထိုးပြီးနောက် မိနစ်အနည်းငယ်မှ နာရီအနည်းငယ်အတွင်း ဖြစ်ပေါ်တတ်ပါသည်။

မည်သည့်ဆေးဝါးမဆိုနှင့်ကဲ့သို့ပင် ကာကွယ်ဆေးကြောင့် ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်နိုင်ခြေမှာ အလွန်ဝေးလှပါသည်။

ကာကွယ်ဆေးများ၏ ဘေးကင်းလုံခြုံမှုကို အမြဲ စောင့်ကြည့်လေ့လာနေပါသည်။ ပိုမိုသိရှိရန်အတွက်- **www.cdc.gov/vaccinesafety/** သို့သွားပါ။

## 5 အကယ်၍ ပြင်းထန်သော တုံ့ပြန်မှု ဖြစ်လာလျှင် ဘာလုပ်ရမလဲ။

**ဘာကို စောင့်ကြည့် သတိထားသင့်သလဲ။**
ပြင်းထန်သော ဓါတ်မတည့်သည့် တုံ့ပြန်မှု၊ ကိုယ်ပူချိန် အလွန်မြင့်ခြင်း သို့မဟုတ် ထူးခြားသည့် အပြုအမူများ စသည့် ရောဂါလက္ခဏာများကဲ့သို့ သင်စိုးရိမ်မိသည့် မည်သည့်အရာအတွက်ကိုမဆို ရှာဖွေလိုက်ပါ။

**ပြင်းထန်သော ဓာတ်မတည့်သည့် တုံ့ပြန်မှု** လက္ခဏာများတွင် အင်ပျဉ်များ၊ မျက်နှာနှင့် လည်ချောင်း ရောင်ခြင်း၊ အသက်ရှူရခက်ခြင်း၊ နလုံးခုန် မြန်ခြင်း၊ မူးဝေခြင်းနှင့် အားနည်းခြင်း တို့ ပါဝင်သည်။ ၎င်းသည် ကာကွယ်ဆေး ထိုးပြီးနောက် မိနစ်အနည်းငယ်အတွင်းမှ နာရီအနည်းငယ်အတွင်း ဖြစ်ပေါ်တတ်ပါသည်။

**ကျွန်ုပ် ဘာလုပ်သင့်သလဲ။**
ဤသည်မှာ **ပြင်းထန်သော ဓါတ်မတည့်သည့် တုံ့ပြန်မှု** သို့မဟုတ် အချိန်ဆွဲ၍မရသော အရေးပေါ်အခြေအနေဟု သင်ထင်ခဲ့ပါက 9-1-1 သို့ ခေါ်ဆိုပါ သို့မဟုတ် အနီးဆုံး ဆေးရုံသို့ သွားပါ။ သို့မဟုတ် သင့်ဆရာဝန်ကို ခေါ်ပါ။

ထို့နောက်၊ ထိုဓါတ်မတည့်သည့် တုံ့ပြန်မှုကို Vaccine Adverse Event Reporting System (ကာကွယ်ဆေး ဘေးထွက်ဆိုးကျိုး အဖြစ်အပျက် တိုင်ကြားရန် စနစ်) (VAERS) သို့ တင်ပြသင့်သည်။ သင့်ဆရာဝန်သည် ဤအစီရင်ခံစာကို ဖိုင်တွဲထားပါမည်၊ သို့မဟုတ် သင်ကိုယ်တိုင် VAERS ဝက်ဘ်ဆိုက် **www.vaers.hhs.gov**၊ မှတဆင့် သို့မဟုတ် **1-800-822-7967** သို့ ခေါ်ဆို ခြင်းအားဖြင့် တင်ပြနိုင်ပါသည်။

*VAERS သည် ဆေးကုသမှုဆိုင်ရာ အကြံပေးခြင်းများ မပြုလုပ်ပါ။*

## 6 ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု လျော်ကြေးပေးရေး တစ်နိုင်ငံလုံး အစီအစဉ်

National Vaccine Injury Compensation Program, VICP (ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု လျော်ကြေးပေးရေး တစ်နိုင်ငံလုံး အစီအစဉ်) သည် ကာကွယ်ဆေးတစ်ခုခုကြောင့် ဒဏ်ရာရရှိသူအား လျော်ကြေးပေးရန် တည်ထောင်ထားသော ပြည်ထောင်စုအစိုးရ အစီအစဉ်တစ်ခု ဖြစ်ပါသည်။

ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု ဖြစ်ပေါ်သည်ဟု ယုံကြည်ရသူများသည် ဤအစီအစဉ်အကြောင်းနှင့် တိုင်ကြားမှု ဖိုင်တွဲတင်ပြခြင်းအကြောင်းများ အတွက် **1-800-338-2382** သို့ ခေါ်ဆိုနိုင်ပါသည် သို့မဟုတ် VICP ဝက်ဘ်ဆိုက် **www.hrsa.gov/vaccinecompensation** သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ လျော်ကြေးတောင်းဆိုရန်အတွက် အချိန်အကန့်အသတ် ရှိပါသည်။

## 7 ထပ်မံသိရှိရန် မည်သို့လေ့လာနိုင်သနည်း။

- သင့်ကျန်းမာရေး စောင့်ရှောက်သူထံ မေးမြန်းပါ။ ကာကွယ်ဆေးအကြောင်း လမ်းညွှန်စာရွက် သို့မဟုတ် အခြားသော ကိုးကားရန် အချက်အလက်များကို ထိုသူတို့က သင့်အား ပေးနိုင်ပါသည်။ 1-888-767-4687
- သင့်ဆရာဝန် သို့မဟုတ် ပြည်နယ် ကျန်းမာရေးဌာနသို့ ခေါ်ဆိုပါ။
- Centers for Disease Control and Prevention, CDC (ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာန) သို့ ဆက်သွယ်ပါ-
  - **1-800-232-4636 (1-800-CDC-INFO)** သို့ခေါ်ဆိုပါ၊ သို့မဟုတ်
  - CDC ၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် **www.cdc.gov/hpv** သို့ ဝင်ရောက်ကြည့်ရှုပါ

Vaccine Information Statement
# HPV Vaccine


DCH-1339bBU
AUTH: P. H. S., Act 42, Sect. 2126.

Translation provided by the Immunization Action Coalition

12/02/2016 Burmese

42 U.S.C. § 300aa-26

Office Use Only


ကာကွယ်ဆေးထိုးထားတဲ့အခြေအနေ၊ ကာကွယ်ဆေး စိစစ်ချက်နဲ့ နောင်မှာ ကာကွယ်ဆေးထိုးသင့်တဲ့အချိန်တို့ကို ဆရာဝန်(တွေ)က တိတိကျကျရနိုင်အောင် (Michigan Care Improvement Registry) မစ်ရှီဂင် ကုသမှု တိုးတက်ကောင်းမွန်ရေး စာရင်းကို အချက်အလက်တွေ ပို့လိုက်ပါမယ်။ ကာကွယ်ဆေးဆိုင်ရာ အချက်အလက်တွေကို ဒီစာရင်းကို ပို့မပေးဖို့ ဆရာဝန်တွေကို တောင်းဆိုပိုင်ခွင့် လူပုဂ္ဂိုလ်တွေမှာ ရှိပါတယ်။